# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
## တိုင်းဒေသကြီး/ပြည်နယ်များ၏
## စတုတ္ထ(၃)လပတ် (ဇူလိုင်လမှစက်တင်ဘာလအထိ)
## ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
## (In Year Report)

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## စတုတ္ထ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ စတုတ္ထ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် | | |
|---|---|---|---|---|
| | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၅၆၁,၄၃၃.၇၇၇ | ၃၃၇,၄၁၃.၈၀၀ | ၆၀.၁၀% |
| | သာမန် | ၄၂၀,၁၀၈.၂၆၄ | ၂၈၄,၃၆၉.၅၆၆ | ၆၇.၆၉% |
| | ငွေလုံးငွေရင်း | ၆၆,၆၅၄.၂၅၈ | ၂၉,၆၄၂.၅၈၂ | ၄၄.၄၇% |
| | ကြွေးမြီ | ၇၄,၆၇၁.၂၅၅ | ၂၃,၄၀၁.၆၅၂ | ၃၁.၃၄% |
| (ခ) | သုံးငွေ | ၁,၂၅၀,၂၁၇.၅၂၁ | ၁,၂၀၀,၂၆၈.၁၉၇ | ၉၆.၀၀% |
| | သာမန် | ၂၈၅,၆၄၂.၇၉၉ | ၂၆၀,၂၇၅.၉၁၃ | ၉၁.၁၂% |
| | ငွေလုံးငွေရင်း | ၉၆၄,၅၇၄.၇၂၂ | ၉၃၉,၉၉၂.၂၈၄ | ၉၇.၄၅% |
| | ကြွေးမြီ | - | - | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | -၆၈၈,၇၈၃.၇၄၄ | -၈၆၂,၈၅၄.၃၉၇ | |

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃) လပတ် (ဇူလိုင်လမှ စက်တင်ဘာလအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် (ဇူလိုင်လမှစက်တင်ဘာလအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စတုတ္ထ(၃) လပတ်အတွက် လျာထားချက် | | | စတုတ္ထ(၃) လပတ်အတွက် ယာယီစာရင်း | | | စတုတ္ထ(၃) လပတ် အတွက် လျာထားချက် အပေါ် အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၁,၄၅၇.၆၈၉ | ၁၀၇,၉၀၄.၁၄၆ | -၁၀၆,၄၄၆.၄၅၇ | ၃,၃၆၆.၁၃၂ | ၁၁၂,၄၉၈.၄၈၈ | -၁၀၉,၁၃၂.၃၅၆ | ၂၃၀.၉၂% | ၁၀၄.၂၆% |
| ၂ | ကယားပြည်နယ် | ၃၁,၄၅၇.၃၄၆ | ၁၈,၄၉၈.၅၇၅ | +၁၂,၉၅၈.၇၇၁ | ၉၅၀.၂၀၈ | ၂၄,၇၄၂.၁၇၇ | -၂၃,၇၉၁.၉၆၉ | ၃.၀၂% | ၁၃၃.၇၅% |
| ၃ | ကရင်ပြည်နယ် | -၁,၆၁၅.၁၇၆ | ၂၄,၈၂၂.၂၀၀ | -၂၆,၄၃၇.၃၇၆ | ၁,၀၄၀.၈၉၇ | ၂၂,၉၅၄.၀၁၇ | -၂၁,၉၁၃.၁၂၀ | -၆၄.၄၄% | ၉၂.၄၇% |
| ၄ | ချင်းပြည်နယ် | ၅၂၈.၀၈၄ | ၄၁,၇၆၆.၇၇၄ | -၄၁,၂၃၈.၆၉၀ | ၁,၂၈၄.၄၉၃ | ၄၆,၃၀၉.၂၆၀ | -၄၅,၀၂၄.၇၆၇ | ၂၄၃.၂၄% | ၁၁၀.၈၈% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၇၂၄.၄၀၃ | ၅၁,၄၃၂.၀၇၀ | -၄၀,၇၀၇.၆၆၇ | ၁၀,၂၁၄.၉၄၁ | ၉၅,၉၄၁.၆၃၇ | -၈၅,၇၂၆.၆၉၆ | ၉၅.၂၅% | ၁၈၆.၅၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆,၁၄၄.၃၆၁ | ၅၉,၅၀၁.၅၁၈ | -၅၃,၃၅၇.၁၅၇ | ၂,၅၈၂.၂၃၇ | ၅၇,၃၉၀.၆၁၁ | -၅၄,၈၀၈.၃၇၄ | ၄၂.၀၃% | ၉၆.၄၅% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၇၁၄.၄၂၁ | ၆၇,၃၂၇.၄၁၃ | -၆၁,၆၁၂.၉၉၂ | ၆,၄၆၈.၇၁၂ | ၆၆,၂၉၅.၈၅၄ | -၅၉,၈၂၇.၁၄၂ | ၁၁၃.၂၀% | ၉၈.၄၇% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၆၁,၈၆၇.၉၉၈ | ၅၀,၈၂၂.၂၅၅ | +၁၁၁,၀၄၅.၇၄၃ | ၈၃,၆၇၉.၇၅၀ | ၆၄,၈၄၃.၉၂၃ | +၁၈,၈၃၅.၈၂၇ | ၅၁.၇၀% | ၁၂၇.၅၉% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀၆,၅၃၈.၇၈၈ | ၂၀၉,၅၀၇.၉၁၂ | -၁၀၂,၉၆၉.၁၆၄ | ၅၉,၆၃၃.၉၉၉ | ၁၄၀,၇၁၀.၉၄၇ | -၈၁,၀၇၆.၉၄၈ | ၅၅.၉၇% | ၆၇.၁၆% |
| ၁၀ | မွန်ပြည်နယ် | ၈,၀၄၃.၂၉၀ | ၄၈,၀၁၄.၇၅၀ | -၃၉,၉၇၁.၄၆၀ | ၅,၈၂၅.၁၃၉ | ၄၇,၉၈၉.၂၀၆ | -၄၂,၁၆၄.၀၆၇ | ၇၂.၄၂% | ၉၉.၉၅% |
| ၁၁ | ရခိုင်ပြည်နယ် | ၄,၂၁၉.၇၅၇ | ၆၉,၉၆၀.၇၅၃ | -၆၅,၇၄၀.၉၉၆ | ၅,၁၂၆.၉၂၆ | ၆၈,၂၈၆.၆၀၆ | -၆၃,၁၅၉.၆၈၀ | ၁၂၁.၅၀% | ၉၇.၆၁% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၀၇,၂၇၀.၆၉၆ | ၃၄၁,၅၃၆.၃၁၈ | -၁၃၄,၂၆၅.၆၂၂ | ၁၃၄,၃၉၅.၃၄၈ | ၂၉၉,၄၆၃.၈၄၁ | -၁၆၅,၀၆၈.၄၉၃ | ၆၄.၈၄% | ၈၇.၆၈% |
| ၁၃ | ရှမ်းပြည်နယ် | ၉,၀၁၃.၈၁၇ | ၈၅,၃၈၄.၁၅၁ | -၇၆,၃၇၀.၃၃၄ | ၆,၈၄၀.၀၅၃ | ၈၂,၈၃၇.၀၉၂ | -၇၅,၉၉၇.၀၃၉ | ၇၅.၈၈% | ၉၇.၀၂% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၀၆၈.၃၀၃ | ၇၃,၇၃၈.၆၄၆ | -၆၃,၆၇၀.၃၄၃ | ၁၆,၀၀၄.၉၆၅ | ၇၀,၀၀၄.၅၃၈ | -၅၃,၉၉၉.၅၇၃ | ၁၅၈.၉၆% | ၉၄.၉၄% |
| | စုစုပေါင်း | ၅၆၁,၄၃၃.၇၇၇ | ၁,၂၅၀,၂၁၇.၅၂၁ | -၆၈၈,၇၈၃.၇၄၄ | ၃၃၇,၄၁၃.၈၀၀ | ၁,၂၀၀,၂၆၈.၁၉၇ | -၈၆၂,၈၅၄.၃၉၇ | ၆၀.၁၀% | ၉၆.၀၀% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် (ဇူလိုင်လမှစက်တင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စတုတ္ထ(၃) လပတ်အတွက် လျာထားချက် | | | စတုတ္ထ(၃) လပတ်အတွက် ယာယီစာရင်း | | | စတုတ္ထ(၃) လပတ် အတွက် လျာထားချက် အပေါ် အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၁,၄၅၇.၆၈၉ | ၁၃,၂၇၄.၄၂၄ | -၁၁,၈၁၆.၇၃၅ | ၃,၃၆၆.၁၃၂ | ၁၂,၂၄၃.၁၄၃ | -၈,၈၇၇.၀၁၁ | ၂၃၀.၉၂% | ၉၂.၂၃% |
| ၂ | ကယားပြည်နယ် | ၃၁,၂၈၃.၃၇၆ | ၃,၇၀၃.၃၅၅ | +၂၇,၅၈၀.၀၂၁ | ၉၁၄.၆၉၆ | ၃,၇၂၆.၉၃၀ | -၂,၈၁၂.၂၃၄ | ၂.၉၂% | ၁၀၀.၆၄% |
| ၃ | ကရင်ပြည်နယ် | -၁,၆၁၅.၂၂၆ | ၄,၇၁၁.၅၄၀ | -၆,၃၂၆.၇၆၆ | ၁,၀၄၀.၈၄၇ | ၃,၆၇၈.၅၁၈ | -၂,၆၃၇.၆၇၁ | -၆၄.၄၄% | ၇၈.၀၇% |
| ၄ | ချင်းပြည်နယ် | ၅၂၆.၂၈၄ | ၉,၁၅၈.၄၁၉ | -၈,၈၃၂.၁၃၅ | ၁,၂၈၄.၄၉၃ | ၈,၈၀၉.၉၅၆ | -၇,၅၂၅.၄၆၃ | ၂၄၄.၀၇% | ၉၄.၁၄% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၇၂၄.၄၀၃ | ၁၄,၇၉၁.၄၈၁ | -၄,၀၆၇.၀၇၈ | ၁၀,၁၃၂.၁၉၇ | ၁၉,၁၄၇.၁၈၅ | -၉,၀၁၄.၉၈၈ | ၉၄.၄၈% | ၁၂၉.၄၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆,၁၀၀.၃၅၆ | ၈,၄၈၆.၃၇၄ | -၂,၃၈၆.၀၁၈ | ၂,၅၁၆.၁၇၂ | ၇,၅၅၄.၇၇၆ | -၅,၀၃၈.၆၀၄ | ၄၁.၂၅% | ၈၉.၀၂% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၆၇၅.၀၇၁ | ၂၄,၇၀၅.၉၆၅ | -၁၉,၀၃၀.၈၉၄ | ၆,၄၅၉.၈၆၀ | ၂၂,၈၃၂.၆၅၈ | -၁၆,၃၇၂.၇၉၈ | ၁၁၃.၈၃% | ၉၂.၄၂% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၆၁,၈၆၇.၉၉၈ | ၁၇,၆၀၁.၃၃၅ | +၁၄၄,၂၆၆.၆၆၃ | ၈၃,၆၇၄.၅၇၀ | ၁၅,၇၁၂.၇၅၃ | +၆၇,၉၆၁.၈၁၇ | ၅၁.၆၉% | ၈၉.၂၇% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၄၄,၆၂၂.၉၂၇ | ၄၉,၉၂၉.၂၂၇ | -၅,၃၀၆.၃၀၀ | ၃၉,၅၄၈.၉၄၀ | ၄၄,၃၆၂.၂၂၅ | -၄,၈၁၃.၂၈၅ | ၈၈.၆၃% | ၈၈.၈၅% |
| ၁၀ | မွန်ပြည်နယ် | ၃,၀၄၃.၂၉၀ | ၁၀,၉၁၄.၃၂၆ | -၇,၈၇၁.၀၃၆ | ၄,၄၅၀.၄၅၀ | ၁၀,၅၃၈.၅၆၆ | -၆,၀၈၈.၁၁၆ | ၁၄၆.၂၄% | ၉၆.၅၆% |
| ၁၁ | ရခိုင်ပြည်နယ် | ၉၃၉.၁၉၄ | ၁၄,၆၅၁.၃၁၃ | -၁၃,၇၁၂.၁၁၉ | ၁,၈၄၅.၃၀၂ | ၁၂,၂၀၂.၉၁၃ | -၁၀,၃၅၇.၆၁၁ | ၁၉၆.၄၈% | ၈၃.၂၉% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁၇,၀၄၄.၄၉၅ | ၆၆,၄၇၂.၈၀၈ | +၇၀,၅၇၁.၆၈၇ | ၁၀၆,၄၆၅.၃၄၉ | ၅၉,၅၁၄.၆၅၄ | +၄၆,၉၅၀.၆၉၅ | ၇၇.၆၉% | ၈၉.၅၃% |
| ၁၃ | ရှမ်းပြည်နယ် | ၈,၉၄၇.၀၂၄ | ၂၆,၃၆၀.၆၉၁ | -၁၇,၄၁၃.၆၆၇ | ၆,၆၉၇.၈၀၅ | ၂၁,၉၉၁.၇၉၅ | -၁၅,၂၉၃.၉၉၀ | ၇၄.၈၆% | ၈၃.၄၃% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၄၉၁.၃၈၃ | ၂၀,၆၈၁.၅၂၁ | -၁၁,၁၉၀.၁၃၈ | ၁၅,၉၇၂.၇၅၃ | ၁၇,၉၅၉.၈၄၁ | -၁,၉၈၇.၀၈၈ | ၁၆၈.၂၉% | ၈၆.၈၄% |
| | စုစုပေါင်း | ၄၂၀,၁၈၈.၂၆၄ | ၂၈၅,၆၄၂.၇၉၉ | +၁၃၄,၄၆၅.၄၆၅ | ၂၈၄,၃၆၉.၅၆၆ | ၂၆၀,၂၇၅.၉၁၃ | +၂၄,၀၉၃.၆၅၃ | ၆၇.၆၉% | ၉၁.၁၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် (ဇူလိုင်လမှစက်တင်ဘာလအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စတုတ္ထ(၃) လပတ်အတွက် လျာထားချက် | | | စတုတ္ထ(၃) လပတ်အတွက် ယာယီစာရင်း | | | စတုတ္ထ(၃) လပတ် အတွက် လျာထားချက် အပေါ် အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၉၄,၆၂၉.၇၂၂ | -၉၄,၆၂၉.၇၂၂ | | ၁၀၀,၂၅၅.၃၄၅ | -၁၀၀,၂၅၅.၃၄၅ | | ၁၀၅.၉၄% |
| ၂ | ကယားပြည်နယ် | ၁၇၃.၉၇၀ | ၁၄,၇၉၅.၂၂၀ | -၁၄,၆၂၁.၂၅၀ | ၃၅.၅၁၂ | ၂၁,၀၁၅.၂၄၇ | -၂၀,၉၇၉.၇၃၅ | ၂၀.၄၁% | ၁၄၂.၀၄% |
| ၃ | ကရင်ပြည်နယ် | ၀.၀၅၀ | ၂၀,၁၁၀.၆၆၀ | -၂၀,၁၁၀.၆၁၀ | ၀.၀၅၀ | ၁၉,၂၇၅.၄၉၉ | -၁၉,၂၇၅.၄၄၉ | ၁၀၀.၀၀% | ၉၅.၈၅% |
| ၄ | ချင်းပြည်နယ် | ၁.၈၀၀ | ၃၂,၄၀၈.၃၃၅ | -၃၂,၄၀၆.၅၃၅ | | ၃၇,၄၉၉.၃၀၄ | -၃၇,၄၉၉.၃၀၄ | | ၁၁၅.၇၁% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၃၆,၆၄၀.၅၈၉ | -၃၆,၆၄၀.၅၈၉ | ၈၂.၇၄၄ | ၇၆,၇၉၄.၄၅၂ | -၇၆,၇၁၁.၇၀၈ | | ၂၀၉.၅၉% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၄၄.၀၀၅ | ၅၁,၀၁၅.၁၄၄ | -၅၀,၉၇၁.၁၃၉ | ၆၆.၀၆၅ | ၄၉,၈၃၅.၈၃၅ | -၄၉,၇၆၉.၇၇၀ | ၁၅၀.၁၃% | ၉၇.၆၉% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃၉.၃၅၀ | ၄၂,၆၂၁.၄၄၈ | -၄၂,၅၈၂.၀၉၈ | ၈.၈၅၂ | ၄၃,၄၆၃.၁၉၆ | -၄၃,၄၅၄.၃၄၄ | ၂၂.၅၀% | ၁၀၁.၉၇% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၃၃,၂၂၀.၉၂၀ | -၃၃,၂၂၀.၉၂၀ | ၅.၁၈၀ | ၄၉,၁၃၁.၁၇၀ | -၄၉,၁၂၅.၉၉၀ | | ၁၄၇.၈၉% |
| | မန္တလေးတိုင်းဒေသကြီး | ၃၆,၄၁၁.၃၉၁ | ၁၅၉,၅၇၈.၇၂၅ | -၁၂၃,၁၆၇.၃၃၄ | ၁၉,၁၅၅.၀၄၂ | ၉၆,၃၄၈.၇၂၂ | -၇၇,၁၉၃.၆၈၀ | ၅၂.၆၁% | ၆၀.၃၈% |
| ၁၀ | မွန်ပြည်နယ် | ၅,၀၀၀.၀၀၀ | ၃၇,၁၀၀.၄၂၄ | -၃၂,၁၀၀.၄၂၄ | ၁,၃၇၄.၆၈၉ | ၃၇,၄၅၀.၆၄၀ | -၃၆,၀၇၅.၉၅၁ | ၂၇.၄၉% | ၁၀၀.၉၄% |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၂၈၀.၅၆၃ | ၅၅,၃၀၉.၄၄၀ | -၅၂,၀၂၈.၈၇၇ | ၃,၂၈၁.၆၂၄ | ၅၆,၀၈၃.၆၉၃ | -၅၂,၈၀၂.၀၆၉ | ၁၀၀.၀၃% | ၁၀၁.၄၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၁,၀၅၉.၄၁၆ | ၂၇၅,၀၆၃.၅၁၀ | -၂၅၄,၀၀၄.၀၉၄ | ၅,၄၅၈.၃၆၄ | ၂၃၉,၉၄၉.၁၈၇ | -၂၃၄,၄၉၀.၈၂၃ | ၂၅.၉၂% | ၈၇.၂၃% |
| ၁၃ | ရှမ်းပြည်နယ် | ၆၆.၇၉၃ | ၅၉,၀၂၃.၄၆၀ | -၅၈,၉၅၆.၆၆၇ | ၁၄၂.၂၄၈ | ၆၀,၈၄၅.၂၉၇ | -၆၀,၇၀၃.၀၄၉ | ၂၁၂.၉၇% | ၁၀၃.၀၉% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၇၆.၉၂၀ | ၅၃,၀၅၇.၁၂၅ | -၅၂,၄၈၀.၂၀၅ | ၃၂.၂၁၂ | ၅၂,၀၄၄.၆၉၇ | -၅၂,၀၁၂.၄၈၅ | ၅.၅၈% | ၉၈.၀၉% |
| | စုစုပေါင်း | ၆၆,၆၅၄.၂၅၈ | ၉၆၄,၁၇၄.၇၂၂ | -၈၉၇,၉၂၀.၄၆၄ | ၂၉,၆၄၂.၅၈၂ | ၉၃၉,၉၉၂.၂၈၄ | -၉၁၀,၃၄၉.၇၀၂ | ၄၄.၄၇% | ၉၇.၄၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ် (ဇူလိုင်လမှစက်တင်ဘာလအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | စတုတ္ထ(၃) လပတ်အတွက် လျာထားချက် | | | စတုတ္ထ(၃) လပတ်အတွက် ယာယီစာရင်း | | | စတုတ္ထ(၃) လပတ် အတွက် လျာထားချက် အပေါ် အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂၅,၅၀၄.၄၇၀ | | +၂၅,၅၀၄.၄၇၀ | ၉၃၀.၀၁၇ | | +၉၃၀.၀၁၇ | ၃.၆၅% | |
| ၁၀ | မွန်ပြည်နယ် | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄၉,၁၆၆.၇၈၅ | | +၄၉,၁၆၆.၇၈၅ | ၂၂,၄၇၁.၆၃၅ | | +၂၂,၄၇၁.၆၃၅ | ၄၅.၇၀% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | |
| | စုစုပေါင်း | ၇၄,၆၇၁.၂၅၅ | | +၇၄,၆၇၁.၂၅၅ | ၂၃,၄၀၁.၆၅၂ | | +၂၃,၄၀၁.၆၅၂ | ၃၁.၃၄% | |

နောက်ဆက်တွဲ(ခ)

## တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ(၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေအား သုံးသပ်တင်ပြချက်

ရငွေ

၁။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃) လပတ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာတွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု၏စုစုပေါင်းရငွေကို ကျပ် ၅၆၁,၄၃၃.၇၇၇ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃၃၇,၄၁၃.၈၀၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၀.၁၀ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာအောက်ပါတို့ကြောင့် ဖြစ်ပါသည် -

(က) **သာမန်ရငွေ။** လျာထား ကျပ် ၄၂၀,၁၀၈.၂၆၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၈၄,၃၆၉.၅၆၆ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၆၇.၆၉ ဖြစ်ပါသည်။

(၁) <u>ကယားပြည်နယ်။</u> လျာထား ကျပ် ၃၁,၂၈၃.၃၇၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၁၄.၆၉၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၂.၉၂ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများသည် အခွန်အကောက်ရငွေနှင့် အခြားသာမန်ရငွေတို့တွင် လျာထားချက်ထက် ပိုမိုရရှိခဲ့သော်လည်း ပြည်ထောင်စုမှထောက်ပံ့ငွေအား စတုတ္ထ (၃)လပတ်တွင် လျာထားခဲ့သော်လည်း တတိယ(၃)လပတ်တွင် ထောက်ပံ့ငွေ ရရှိခဲ့ပါသဖြင့် လျာထားချက်ထက် လျော့နည်းရရှိခြင်း ဖြစ်ပါသည်။

(၂) <u>တနင်္သာရီတိုင်းဒေသကြီး။</u> လျာထား ကျပ် ၆,၁၀၀.၃၅၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၅၁၆.၁၇၂ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၄၁.၂၅ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ တိုင်းဒေသကြီးလွှတ်တော်တွင် ရငွေလျာထားခဲ့သော်လည်း တင်ဒါလျှောက်လွှာရောင်းချရမှုမရှိသဖြင့် ရငွေမရရှိခြင်း၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးအရာရှိရိပ်သာတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား အိမ်ခန်းငှားရမ်းခများကောက်ခံမှုမရှိတော့ခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာတွင်နေထိုင်သည့် ဝန်ထမ်းများလျော့နည်းသွားသဖြင့် အိမ်လခလျော့နည်းရရှိခြင်း၊ မီးသတ်ဦးစီးဌာနတွင် အထပ်မြင့်အဆောက်အဦများ

မီးဘေးလုံခြုံရေးစစ်ဆေးရမှုလျော့နည်းသွားခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယစ်မျိုးခွန်ကောက်ခံရရှိမှုလျော့နည်းခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် ငါးဖမ်းကိရိယာငါးစိုခွန်နှင့် ရေလုပ်သားမှတ်ပုံတင်ကြေးများ အပြည့်အဝကောက်ခံနိုင်မှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တင်ဒါပိုစ်ရောင်းချရမှုလျော့နည်းခြင်း၊ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးတွင် တင်ဒါပုံစံများအားစတုတ္ထ(၃) လပတ်တွင်ရောင်းချရန်လျာထားခဲ့သော်လည်း ပထမ(၃)လပတ်အတွင်းရောင်းချခဲ့ရခြင်းကြောင့်ရငွေမရရှိခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ပြည်ထောင်စုမှထောက်ပံ့ငွေအား စတုတ္ထ(၃) လပတ်အတွင်းရရှိမည်ဟု လျာထားခဲ့သော်လည်း တတိယ(၃) လပတ်တွင်ရရှိခဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ကြေးရငွေများမှာ လျာထားသည့်အတိုင်းမရရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၃) <u>မကွေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၆၁,၈၆၇.၉၉၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၃,၆၇၄.၅၇၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၅၁.၆၉ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ရေနံစိမ်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ရေနံသယ်ဆောင်ခရငွေ၊ တိရစ္ဆာန်သယ်ဆောင်ခရငွေများ လျော့နည်းရရှိခြင်း၊ တိုင်းဒေသကြီးလွှတ်တော်တွင် တင်ဒါလျှောက်လွှာရောင်းရငွေများမှ လျော့နည်းခြင်း၊ မီးသတ်ဦးစီးဌာနတွင် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုခြင်းအတွက် ရငွေများလျော့နည်းခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ဆိုင်ခန်းငှားရမ်းခများ၊ မြေနေရာငှားရမ်းခများ၊ တစ်နှစ်စာပေးသွင်းပြီးဖြစ်၍ လျော့နည်းခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် ပြည်ပသို့ ကျွဲနွားတင်ပို့မှုများလျော့နည်းခြင်းနှင့် တိရိစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရဆောင်ရွက်မှုရငွေဈေးနှုန်းများ ပြင်ဆင်သတ်မှတ်ထားသောကြောင့် လျော့နည်းရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် သစ်တောထွက်ပစ္စည်းများ ပုံစံ(၈)ဖမ်းဆီးပစ္စည်းများနှင့်ဒေသသုံးသစ်ရောင်းချခြင်းမှရငွေလျော့နည်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီဆိုင်ရာရငွေများအားလုံးကိုပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရသည့်အတွက် လျော့နည်းခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အဆောက်အဦငှားရမ်းခနှင့် မြေငှားရမ်းခများ

လျော့နည်းရရှိခြင်း၊ လမ်းဦးစီးဌာနတွင် မြေငှားရမ်းခများကို ရုံးချုပ်၏ညွှန်ကြားချက်အရ ခေတ္တရပ်ဆိုင်းပြီး ဖယ်ရှားရန် သတိပေးစာများထုတ်ပြန်ခြင်းနှင့် ပစ္စည်းတင်ဒါခေါ်ယူရာတွင် တင်ဒါအရေအတွက် လျော့နည်းခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် အနေးယာဉ်လိုင်စင်များ ဖျက်သိမ်းခြင်း၊ သားသတ်လိုင်စင်များ ကြမ်းခင်းဈေး မပြည့်မီ၍ အခြားနည်းဖြင့်ရောင်းချခြင်း၊ မြို့အဝင်ဘီးကောက်လိုင်စင်များ ဖျက်သိမ်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၄) <u>ရန်ကုန်တိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၃၇,၀၄၄.၀၉၅ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀၆,၄၆၅.၃၄၉ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၇.၆၉ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ ပြည်ထောင်စုမှ အခွန်ဝေစုရရှိမှုလျော့နည်းခြင်း၊ ဆောင်ရွက်ပေးမှုရငွေများလျော့နည်းခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ သားသတ်ရုံငှားရမ်းခ၊ လိုင်စင်ခများလျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၅) <u>ရှမ်းပြည်နယ်။</u> လျာထား ကျပ် ၈,၉၄၇.၀၂၄ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၆,၆၉၇.၈၀၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၄.၈၆ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာ ရေအားလျှပ်စစ်ကုမ္ပဏီများမှ မြေအသုံးချမှုပရီမီယံကြေးကို စာချုပ်ချုပ်ဆိုပြီးတကြိမ်သာပေးသွင်းရခြင်း၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် အရှုံးအမြတ်စာရင်း ရေးဆွဲခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်သို့ထည့်ဝင်ငွေများလျော့နည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုလျှောက်ထားလွှာ တင်ပြဆောင်ရွက်မှုလုပ်ငန်းများ တင်ပြမှုမရှိခြင်းကြောင့်ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းရငွေ။** လျာထားကျပ် ၆၆,၆၅၄.၂၅၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၉,၆၄၂.၅၈၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၄၄.၄၇ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ -

(၁) <u>ကယားပြည်နယ်။</u> လျာထား ကျပ် ၁၇၃.၉၇၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၅.၅၁၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၂၀.၄၁ ဖြစ်ပါသည်။

လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့တွင် နောင်ယားဈေးနှင့် ဒီးမော့ဆိုမြို့မဈေးတို့အား အဆင့်မြှင့်တင်တည်ဆောက်ပြီး ဈေးဆိုင်ခန်းများ အရစ်ကျစနစ်ဖြင့် ရောင်းချခြင်းရငွေများမှ လျော့နည်းရရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

(၂) ချင်းပြည်နယ်။ လျာထား ကျပ် ၁.၈၀၀ သန်း ဖြစ်သော်လည်း တတိယ(၃) လပတ်တွင် ရရှိပြီးဖြစ်၍ ရငွေမရရှိခြင်းဖြစ်ပါသည်။

(၃) ပဲခူးတိုင်းဒေသကြီး။ လျာထား ကျပ် ၃၉.၃၅၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈.၈၅၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၂၂.၅၀ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရရှိခြင်းမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် အဆောက်အဦဟောင်း(၂)လုံး လေလံတင်ရောင်းရငွေအား နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် ၁/၂၀၁၇အရ (MD-012672)ငွေတိုက်ဦးစီးဌာန၊ နေပြည်တော်သို့ ပေးသွင်းရခြင်းကြောင့် ဖြစ်ပါသည်။

(၄) မန္တလေးတိုင်းဒေသကြီး။ လျာထား ကျပ် ၃၆,၄၁၁.၃၉၁သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၁၅၅.၀၄၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၅၂.၆၁ ဖြစ်ပါသည်။ Mercure Mandalay Hill Resort မှ မြေငှားရမ်းခနှုန်းကို ငွေပေးသွင်းသည့်နေ့၏ အမှန်တကယ်ငွေလဲလှယ်နှုန်းဖြင့်တွက်ချက်ခြင်း၊ တန်ဖိုးမြှင့်တိုက်ခန်းများ ငွေပေးသွင်းမှုလျော့နည်းခြင်း၊ Mandalay Industrial Trade Centre စီမံကိန်းမှ ငွေပေးသွင်းမှုမရှိခြင်း၊ ပြည်ပအကူအညီရငွေတွင် AFD Grant ဖြင့်ဆောင်ရွက်မည့် မန္တလေးမြို့တော်ရေပေးဝေရေးစနစ် အဆင့်မြှင့်တင်မှုစီမံကိန်းမှ ရငွေတွင် အမရပူရမြို့ရေပေးဝေရေးစီမံကိန်းအား Authentic Construction Companyနှင့် စာချုပ်ချုပ်ဆို၍ ကုမ္ပဏီမှတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ Gret Consultant နှင့် ကုမ္ပဏီတို့အကြား ညှိနှိုင်းမှုအခက်အခဲများကြောင့် လုပ်ငန်းအကောင်အထည်ဖော်မှု နှောင့်နှေးခြင်းနှင့် ငွေပေးချေနိုင်မှု နှောင့်နှေးခြင်းကြောင့် လျော့နည်းရခြင်းနှင့် စီမံကိန်းအဖွဲ့အစည်း၏ ဝန်ဆောင်ခများအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိသာ ပေးချေနိုင်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် မေလအထိ ဝန်ဆောင်ခများအား တောင်းခံရာတွင် AFD မှ အချိန်မီ ပေးနိုင်ခြင်း မရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(၅) <u>မွန်ပြည်နယ်။</u> လျာထား ကျပ် ၅,၀၀၀.၀၀၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၇၄.၆၈၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၂၇.၄၉ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ ကြာအင်းအိမ်ရာစီမံကိန်းရှိ တိုက်ခန်းများ ရောင်းချရာတွင်တိုက်ခန်းဝယ်ယူရရှိသောပြည်သူများမှသက်ဆိုင်ရာဘဏ္ဍာရေးနှစ် တွင် အချိန်မီပေးသွင်းနိုင်မှုမရှိခြင်းကြောင့် ဖြစ်ပါသည်။

(၆) <u>ရန်ကုန်တိုင်းဒေသကြီး။</u> လျာထား ကျပ် ၂၁,၀၅၉.၄၁၆ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၅,၄၅၈.၃၆၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၂၅.၉၂ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ စည်ပင်သာယာရေးကော်မတီ မှ(၅)နှစ်တာကာလ အငှားချထားရေး တင်ဒါခေါ်ယူဆောင်ရွက်ရမည်ဖြစ်ခြင်း၊ ဈေးများဌာနမှ တည်းကုန်းဈေး Shop–House ဆိုင်ခန်းများရောင်းရငွေ တင်ဒါ မအောင်မြင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၇) ရေ၀တီတိုင်းဒေသကြီး။ လျာထား ကျပ် ၅၇၆.၉၂၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂.၂၁၂ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၅.၅၈ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရခြင်းမှာ စည်ပင်သာယာရေးအဖွဲ့တွင် ကမ်းနားဈေး ဆိုင်ခန်းများရောင်းချရငွေ နည်းပါးခြင်းကြောင့် ဖြစ်ပါသည်။

(ဂ) <u>ကြွေးမြီရငွေ။</u> လျာထား ကျပ် ၇၄,၆၇၁.၂၅၅ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃,၄၀၁.၆၅၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၃၁.၃၄ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ –

(၁) <u>မန္တလေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၂၅,၅၀၄.၄၇၀ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၉၃၀.၀၁၇သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၃.၆၅ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရခြင်းမှာ ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်နေသော သင်္ဂဇာ Interceptor (MYWW 1.0) နှင့် ရွှေတချောင်းမြောင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းတို့မှာ ဒီဇိုင်းညှိနှိုင်းခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ နံကပ်အင်းရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအတွက် တင်ဒါခေါ်ယူသော်လည်း တင်ဒါမအောင်မြင်ခြင်း၊ ရေခဲရေဆိုး ထုတ်စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းမှာ Construction အဆင့်သို့ရောက်ရှိခဲ့ပြီး စာချုပ်အရ တည်ဆောက်ရေးလုပ်ငန်းပြီးစီးချိန်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ

ဖြစ်၍ စာချုပ်တန်ဖိုး၏(၈၀%)ခန့် ပေးချေရန်လျာထားသော်လည်း လုပ်ငန်းပြီးစီးမှု (8.5%)အဆင့်သာ ငွေပေးချေနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၂) ရန်ကုန်တိုင်းဒေသကြီး။ လျာထား ကျပ် ၄၉,၁၆၆.၇၈၅ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၂,၄၇၁.၆၃၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၄၅.၇၀ ဖြစ်ပါသည်။ စည်ပင်သာယာရေးကော်မတီတွင် ဂျပန်နိုင်ငံအစိုးရ ချေးငွေ (ODA Loan)လျော့နည်းခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

**အသုံးစရိတ်**

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ဘဏ္ဍာငွေအရအသုံး အစီရင်ခံစာတွင် တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၁,၂၅၀,၂၁၇.၅၂၁ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၂၀၀,၂၆၈.၁၉၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၆.၀၀ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းသုံးစွဲရခြင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ပါသည် -

(က) **သာမန်အသုံးစရိတ်။** လျာထား ကျပ် ၂၈၅,၆၄၂.၇၉၉ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၂၆၀,၂၇၅.၉၁၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၉၁.၁၂ ဖြစ်ပါသည်။

(၁) ကရင်ပြည်နယ်။ လျာထား ကျပ် ၄,၇၁၁.၅၄၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၆၇၈.၅၁၈ သန်း ၊အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၈.၀၇ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ဥပဒေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဗဟိုပြည်တွင်းကုန်တင် ကုန်ချကော်မတီရုံး ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာန၊ လမ်းဦးစီးဌာနတို့တွင် ခန့်ထားရန်လျာထားသော ဝန်ထမ်းဦးရေအတိုင်း ခန့်ထားနိုင်မှုမရှိခြင်း၊ ပြောင်းရွှေ့သွားသောဝန်ထမ်းများရှိခြင်း၊ နုတ်ထွက်သွားသော ဝန်ထမ်းများရှိခြင်း ၊ ပင်စင်ခံစားသောဝန်ထမ်းများရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၂) မန္တလေးတိုင်းဒေသကြီး။ လျာထား ကျပ် ၄၉,၈၂၉.၂၂၇ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၄၄,၃၆၂.၂၂၅ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၈၈.၈၅

ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် အဆောက်အဦခွန်များမဆောင်ခဲ့ရခြင်း၊ ရက်ကန်းလုပ်ငန်း သုံးပစ္စည်းများ ဝယ်ယူမှုလျော့နည်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် မိတ္ထီလာရိပ်သာပြင်ဆင်ရန် လျာထားသော်လည်း မသုံးစွဲဖြစ်ခြင်းနှင့် ခရိုင်ရုံးများ အား ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ရုံးအဆောက်အဦအသစ်အတွက် အာမခံမထားရှိရသေးခြင်းနှင့် ရုံးပြောင်းရွှေ့ရန် လျာထားသော်လည်းမပြောင်းရွှေ့ရသေးခြင်း၊ စည်ပင်သာယာရေးကော်မတီတွင် ပြင်ပမှယာဉ်ငှားရမ်းသုံးစွဲမှုနည်းပါးခြင်း၊ သတင်းစာရိုက်နှိပ်ခစောင်ရေ လျော့နည်း ခြင်း၊ စာအုပ်ရိုက်နှိပ်ခနှုန်းထားများ လျော့နည်းသုံးစွဲခြင်း၊ ကြော်ငြာခလျော့နည်း သုံးစွဲခြင်း၊ တောင်အင်း/မြောက်အင်းရှိ အမှိုက်ပုံးထုတ်စက်ရုံ အဆင့်မြှင့်တင် ပြုပြင်မှုအား အချိန်မီဆောင်ရွက်နိုင်မှုမရှိခြင်း၊ နိုင်လွန်ကတ္တရာအခြေခံလွှာအား stabilized နည်းသို့ပြောင်းလဲဆောင်ရွက်ခြင်း၊ ရေမြောင်းများ ပြင်ဆင်ခြင်းအား Precast Drain အဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများတွင် ဝန်ထမ်းသစ်များလျာထားသည့် အတိုင်း ခန့်ထားနိုင်မှုမရှိခြင်း၊ ရာထူးတိုးပြောင်းရွှေ့သွားခြင်း၊ ပင်စင်ယူခြင်း၊ နုတ်ထွက်ခြင်း၊ လုပ်အားခများလျော့နည်းသုံးစွဲခြင်း၊ ဖုန်းခေါ်ဆိုမှုလျော့နည်းခြင်း၊ စက်သုံးဆီသုံးစွဲမှုလျော့နည်းခြင်း၊ကျေးမွေးစရိတ်လျော့နည်းသုံးစွဲခြင်းနှင့်ပြည်တွင်း ပြည်ပခရီးစဉ်များလျာထားသည့်အတိုင်း သွားရောက်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၃) <u>ရခိုင်ပြည်နယ်။</u> လျာထား ကျပ် ၁၄,၆၅၁.၃၁၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂,၇၀၂.၉၁၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၈၃.၂၉ ဖြစ်ပါ သည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ကျေး လက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်တွင် လျော့နည်းသုံးစွဲခြင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ သက်ပြည့်ပင်စင်ယူသွားသည့် ဝန်ထမ်း၏လုပ်သက်ဆုငွေအား ပင်စင်ဦးစီးဌာနမှ ကျခံခြင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အသုံးစရိတ်များအား စနစ်တကျ စိစစ်သုံးစွဲခြင်း၊ နယ်မြေတည်ငြိမ်မှုမရှိ၍ စစ်တမ်းများနှင့် တချို့လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အသုံးစရိတ်များ ခြိုးခြံသုံးစွဲထားခြင်းကြောင့် ဖြစ်ပါ သည်။

(၄) <u>ရှမ်းပြည်နယ်။</u> လျာထား ကျပ် ၂၆,၃၆၀.၆၉၁ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁,၉၉၁.၇၉၅ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၈၃.၄၃ ဖြစ်ပါသည်။ လျာထားချက်ထက် လျော့နည်းရခြင်းမှာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် အရှုံးအမြတ်စာရင်းများရေးဆွဲခြင်းမရှိသည့်အတွက် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို ပေးဆောင်ခဲ့မှုမရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ဖွင့်လှစ်ရန်လျာထားသော ခရိုင်ရုံးများအား (၆/၂၀၁၉) လမှသာ ဖွင့်လှစ်နိုင်ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ကုန်တင်ကုန်ချကော်မတီရုံးတွင် ဝန်ထမ်းများလျာထားသည့်အတိုင်း ခန့်အပ်နိုင်မှုမရှိခြင်း၊ ခရီးစရိတ်တွင်ဝန်ထမ်းများ ပြောင်းရွှေ့စရိတ်လျာထားသော်လည်း အပြောင်းအရွှေ့မရှိခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

(၅) <u>ရောဝတီတိုင်းဒေသကြီး။</u> လျာထား ကျပ် ၂၀,၆၈၀.၅၂၁ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇၉၅၉.၈၄၁ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၆.၈၄ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ ဝန်ကြီးများ၏ ခရီးစရိတ်များနည်းပါးခြင်း၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးစရိတ်ထုတ်ယူမှုလျော့နည်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ နေ့တွက်စရိတ်ထုတ်ယူမှုနည်းပါးခြင်း၊ ကွင်းဆင်းနေ့တွက်စရိတ်များလျော့နည်းခြင်း၊ ခရီးသွားလာမှုနည်းပါးခြင်း၊ လုပ်အားခများလျော့နည်းသုံးစွဲခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်မှုနည်းပါးခြင်း၊ အစည်းအဝေးတက်ရောက်သည့် ခရီးစဉ်နည်းပါးခြင်း၊ ဝန်ထမ်းများခန့်အပ်နိုင်ခြင်းမရှိခြင်း၊ ဝန်ထမ်းများပြောင်းရွှေ့ခြင်း၊ ပင်စင်ယူခြင်း၊ ကွယ်လွန်ခြင်း၊ နိုင်ငံခြားခရီးစဉ်သွားရောက်မှုနည်းပါးခြင်း၊ ဝန်ထမ်းများလစာမဲ့ခွင့်ခံစားခြင်း၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်များနည်းပါးခြင်း၊ တယ်လီဖုန်းသုံးစွဲခများနှင့် လျှပ်စစ်ဓာတ်အားခများ လျော့နည်းသုံးစွဲခြင်း၊ နေ့စားဝန်ထမ်းနုတ်ထွက်ခြင်း၊ ပြပွဲများနည်းပါးခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နည်းပါးခြင်း၊ အစည်းအဝေးနှင့် အခမ်းအနားပွဲများနည်းပါးခြင်း၊ စက်ကိရိယာတန်ဆာပလာပစ္စည်းအသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ အခွန်အခများလျော့နည်းသုံးစွဲခြင်း၊ ဘဏ်စရိတ်များလျော့နည်းသုံးစွဲခြင်း၊ လူမှုဖူလုံရေးထည့်ဝင်ကြေးများလျော့နည်းခြင်း၊ ပညာပေးသင်တန်းနှင့်ကျွေးမွေးစရိတ်များ လျော့နည်းခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

(ခ) **ငွေလုံးငွေရင်းအသုံးစရိတ်။** လျာထား ကျပ် ၉၆၄,၅၇၄.၇၂၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၃၉,၉၉၂.၂၈၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၉၇.၄၅ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ -

(၁) <u>မန္တလေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၅၉,၅၇၈.၇၂၅ သန်းအကောင်အထည်ဖော်နိုင်မှု ကျပ် ၉၆,၃၄၈.၇၂၂ သန်းအကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၆၀.၃၈ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ တင်ဒါလျော့နည်း အောင်မြင်ခြင်း၊ မဟာအောင်မြေမြို့နယ်၊ ပတ္တာကွင်းကျောက်ပျက်ဖို့ခြင်း လုပ်ငန်းဆိုင်းငံ့ခြင်း၊ တင်ဒါအောင်ကျောက်ဈေးနှုန်း လျော့နည်းခြင်း၊ AFD Grant ဖြင့်ဆောင်ရွက်သည့် လုပ်ငန်းအချို့ ဘဏ္ဍာရေးလုပ်ငန်းစဉ် ဆောင်ရွက်ရန်ကျန်ရှိခြင်း၊ ADB Loan ဖြင့် ဆောင်ရွက်သည့် မြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အချို့လုပ်ငန်းများအား လုပ်ငန်းပြီးစီးမှု၏ 8.5 % သာ ငွေပေးချေရခြင်း၊ အချို့သောလုပ်ငန်းများ အကောင်အထည် ဖော်နိုင်မှုမရှိခြင်း၊ နယ်သာလန်နိုင်ငံ VEI Grant Water Warx အစီအစဉ်ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းအချို့ ပြီးစီးမှုမရှိခြင်း၊ တင်ဒါအောင်ဈေးနှုန်း လျော့နည်းခြင်း၊ Precast စက်ရုံတည်ဆောက်ခြင်းနှင့်အဆောက်အဦများ တည်ဆောက်ရန်လျာထားသော်လည်းအဆောက်အဦဟောင်းများသာသုံးစွဲခြင်း၊ မြေကွက်ဖိုးငွေများနှင့် မြေဝန်ဆောင်ခများ ပြန်လည်ထုတ်ယူမှုနည်းပါးခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

(၂) <u>ရန်ကုန်တိုင်းဒေသကြီး။</u> လျာထား ကျပ် ၂၇၅,၀၆၃.၅၁၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃၉,၉၄၉.၁၈၇ သန်းအကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၈၇.၂၃ ဖြစ်ပါသည်။ လျာထားချက်ထက်လျော့နည်းရခြင်းမှာ စိုက်ပျိုးရေးဦးစီးဌာနမှ ပေါင်းလိုက်သမန်းနှုံးစက် ဝယ်ယူရာတွင် လျော့နည်းသုံးစွဲခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ လယ်ယာမြေအသုံးပြုမှုနှင့်သီးနှံစိုက်ပျိုးထွက်ရှိမှု အခြေအနေစစ်တမ်းကောက်ယူခြင်းအတွက် (၄) မြို့နယ်လျာထားသော်လည်း (၁) မြို့နယ်သာကောက်ယူခြင်း၊ ကျန်ဌာနအဖွဲ့အစည်းများမှ ရုံးသုံးစက်ကိရိယာများဝယ်ယူရာတွင် ဈေးနှုန်းလျော့နည်းခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပစ္စည်းများအား တင်ဒါခေါ်ယူဆောင်ရွက်ခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။

သုံးသပ်တင်ပြချက်

၃။ (က) တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရငွေပိုင်းတွင် လျော့နည်းရရှိခဲ့ပါသည်။ လျာထားချက်ထက် လျော့နည်းရခြင်းမှာ ဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့် ဝန်ထမ်းများ လျော့နည်းသွားသဖြင့်အိမ်လခလျော့နည်းရရှိခြင်း၊ ယစ်မျိုးခွန်ကောက်ခံရရှိမှုလျော့နည်းခြင်း၊ ငါးဖမ်းကိရိယာ၊ ငါးစိုခွန်နှင့်ရေလုပ်သားမှတ်ပုံတင်ကြေးများ အပြည့်အဝကောက်ခံနိုင်မှုမရှိခြင်း၊ တင်ဒါပုံစံများအား စတုတ္ထ(၃)လပတ်တွင်မှ ရောင်းချရန်လျာထားခဲ့သော်လည်း ပထမ(၃)လပတ်အတွင်း ရောင်းချခဲ့ရခြင်း၊ ပြည်ထောင်စုမှထောက်ပံ့ငွေအား စတုတ္ထ(၃)လပတ်အတွင်း ရရှိမည်ဟု လျာထားခဲ့သော်လည်း တတိယ(၃)လပတ်တွင်ရရှိခဲ့ခြင်း၊ မှတ်ပုံတင်ကြေးများမှာ လျာထားသည့်အတိုင်း မရရှိခဲ့ခြင်း၊ ရေနံစိမ်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ရေနံသယ်ဆောင်ခရငွေ၊ တိရိစ္ဆာန်သယ်ဆောင်ခရငွေများ လျော့နည်းရရှိခြင်း၊ စက်သုံးဆီဆိုင်များ၊ ဟိုတယ်၊ မိုတယ်များနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများကို မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအကြံပြုခြင်းမှ ရငွေများလျော့နည်းရရှိခြင်း၊ ဆိုင်ခန်းငှားရမ်းခများ၊ မြေနေရာငှားရမ်းခများ တစ်နှစ်စာပေးသွင်းပြီးဖြစ်၍လျော့နည်းခြင်း၊ ပြည်ပသို့ ကျွဲနွားတင်ပို့မှုများလျော့နည်းခြင်းနှင့် တိရိစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ဆောင်ရွက်မှုရငွေစျေးနှုန်းများ ပြင်ဆင်သတ်မှတ်ထားသောကြောင့် လျော့နည်းရရှိခြင်း၊ အသင်းမှတ်ပုံတင်မိတ္တူကူးခနှင့် အထွေထွေရငွေများလျော့နည်းရရှိခြင်း၊ သစ်တောထွက်ပစ္စည်းများ၊ ပုံစံ(၈)ဖမ်းဆီးပစ္စည်းများနှင့် ဒေသသုံးသစ်ရောင်းချခြင်းမှ ရငွေလျော့နည်းခြင်း၊ ကုမ္ပဏီဆိုင်ရာ ရငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရခြင်း၊ အဆောက်အဦငှားရမ်းခနှင့် မြေငှားရမ်းခများလျော့နည်းရရှိခြင်း၊ အနေ့ယာဉ်လိုင်စင်များဖျက်သိမ်းခြင်း၊ သားသတ်လိုင်စင်များ ကြမ်းခင်းစျေးမပြည့်မီ၍ အခြားနည်းဖြင့်ရောင်းချခြင်း၊ မြို့အဝင်ဘီးကောက်လိုင်စင်များဖျက်သိမ်းခြင်းတို့ကြောင့်ဖြစ်ပါသည်။

(ခ) အသုံးစရိတ်ပိုင်းအနေဖြင့် သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် လျာထားသောဝန်ထမ်းဦးရေ အတိုင်းခန့်ထားနိုင်မှုမရှိခြင်း၊ ပြောင်းရွှေ့သွားသောဝန်ထမ်းများရှိခြင်း၊ နုတ်ထွက်သွားသောဝန်ထမ်းများရှိခြင်း၊ ပင်စင်ခံစားသောဝန်ထမ်းများရှိခြင်း၊ ပြည်တွင်းပြည်ပသင်တန်းများ၊ အစည်းအဝေးများနည်းပါးခြင်း၊ စက်သုံးဆီအသုံးစရိတ်နှင့်

ရုံးသုံးပစ္စည်းများတွင် လျော့နည်းသုံးစွဲခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်တွင် လျော့နည်းသုံးစွဲငွေများအား ပိုလျှံငွေပြန်လည်အပ်နှံခြင်း၊ ဖွင့်လှစ်ရန်လျာထားသော ခရိုင်ရုံးများအား(၆/၂၀၁၉) လမှသာဖွင့်လှစ်နိုင်ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်များ လျော့နည်းသုံးစွဲခြင်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တင်ဒါလျော့နည်းအောင်မြင်ခြင်း၊ ပတ္တာကွင်းကျောက်ပျက်ဖို့ခြင်းလုပ်ငန်း ဆိုင်းငံ့ခြင်း၊ တင်ဒါအောင်ကျောက်ဈေးနှုန်း လျော့နည်းခြင်း၊ AFD Grant ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအချို့ ဘဏ္ဍာရေးလုပ်ငန်းစဉ် ဆောင်ရွက်ရန်ကျန်ရှိခြင်း၊ ADB Loan ဖြင့်ဆောင်ရွက်သည့် မြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အချို့လုပ်ငန်းများအား လုပ်ငန်းပြီးစီးမှု၏ 8.5 % သာငွေပေးချေရခြင်း၊ အချို့သောလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုမရှိခြင်း၊ Precast စက်ရုံတည်ဆောက် ခြင်းနှင့် အဆောက်အဦများတည်ဆောက်ရန် လျာထားသော်လည်း အဆောက်အဦဟောင်းများသာသုံးစွဲခြင်း စသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များ၏ စတုတ္ထ(၃) လပတ်အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုစိစစ်ရာတွင် ရငွေနှင့်အသုံးစရိတ် အကောင်အထည်ဖော်နိုင်မှုမှာ လျာထားချက်ထက် လျော့နည်းသည်ကိုစိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ လျာထားချက်နှင့်ပိုမိုနီးစပ်လာစေရန်အတွက် ဂရုပြုပြီးစီမံကြီးကြပ် ဆောင်ရွက်သင့်ပါကြောင်းနှင့် (၃) လပတ်အလိုက် လျာထားချက်များကို ပိုမိုနီးစပ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ (၆) လပတ်စာရင်းများတွင်လည်း မူလလျာထားချက်နှင့် အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုကို ထပ်တူထပ်မျှဖြစ်သည်အထိနီးစပ်လာစေမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။